# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၈၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**

**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ရက်စွဲပါကြေညာချက်အမှတ် (၄၈/၂၀၁၅) အရ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅ ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးအနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမည့်ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့ သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၅ ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးသည့် တပ်မတော်သားကိုယ်စားလှယ် ၅ ဦးဟာ မိမိအတွက် သတ်မှတ်ပေးထားတဲ့နေရာသို့ ပြန်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင်

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား လက်မှတ်ရေးထိုး၍ အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံရမှာဖြစ်ပါတယ်။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာသို့မိမိသွားရောက်နိုင်ပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၉၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးကတင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၅ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၃) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၅) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၆) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၈) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၉) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၅ ရက်၊

(၁၀) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၅ ရက်၊

(၁၁) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၂) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၅ ရက်၊

(၁၃) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၄) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်၊

(၁၅) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၆) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၇) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၈) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၂၀) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၁ ရက်၊

(၂၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၂၂) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊

(၂၃) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၂၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၃ ရက်၊

(၂၅) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၇) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၂၈) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၅ ရက်၊
(၂၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊
(၃၀) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော က် ခွင့် ၁ ရက်၊
(၃၁) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိုအုပ် ခွင့် ၅ ရက်၊
(၃၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊
(၃၃) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊
(၃၄) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၁ ရက်၊
(၃၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊
(၃၆) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊
(၃၇) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၃ ရက်၊
(၃၈) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊
(၃၉) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊
(၄၀) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊
(၄၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊
(၄၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၄၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊
(၄၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊
(၄၅) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၅ ရက်၊
(၄၆) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၅ ရက်၊
(၄၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊
(၄၈) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၅ ရက်၊
(၄၉) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၅၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး အစည်းအဝေးပြီးဆုံးသည်ထိ၊
(၅၁) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်နှင့်
(၅၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ယာဉ်အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲတပ်ဆင်ပေးရခြင်း အကြောင်းအရင်း၊ မော်တော်ယာဉ်နံပါတ်ပြား၏ အရောင်၊ ရေးသားထားသော အင်္ဂလိပ်အက္ခရာများ၏ အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော နံပါတ်ပြားများမဟုတ်ဘဲ အခြားနံပါတ်ပြားများ တပ်ဆင်သွားလာလျက်ရှိသည့် ယာဉ်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနန္ဒကျော်စွာ(ဒဂုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အများလည်းသိလိုတဲ့ အကြောင်းအရာလေး တစ်ခုကို မေးခွန်းလေးအဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဲဒီမေးခွန်းများကတော့ နံပါတ်(၁) မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ယာဉ်အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲတပ်ဆင်ပေး လျက်ရှိပါတယ်။ ထိုကဲ့သို့ တပ်ဆင်ပေးရခြင်းအကြောင်းအရင်းကို သိရှိလိုတဲ့အတွက် မေးတာဖြစ်ပါ တယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ မြန်မာစာသည် ရုံးသုံးစာဖြစ်တဲ့အတွက် အပြည်ပြည် ဆိုင်ရာမှာတော့ လေ့ကျင့်နေကြတာမှန်ပေမယ့် ပြည်သူလူထုအတွက်ကတော့ နံပါတ်ပြားများကို မှတ်သားတဲ့နေရာမှာ မြန်မာစာကိုတောင်မှ မသင်မနေရ မူလတန်းကို သင်နေရတဲ့အချိန်မှာ အရေး အကြောင်းတစ်ခုခုရှိလို့ မော်တော်ယာဉ်နံပါတ်ပြားများကို မှတ်သားတဲ့အခါမှာ မြန်မာအက္ခရာ၊ မြန်မာ စာနံပါတ်ပြားများ မဟုတ်ဘဲနဲ့ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်နံပါတ်ပြားများဖြစ်တဲ့အတွက် မှတ်သား ထားတဲ့သူများအဖို့ လွယ်ကူစွာ မှတ်သားနိုင်မှုမရှိမှာကိုစိုးတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ မော်တော်ယာဉ်နံပါတ်ပြားများမှာ တပ်ဆင်ထားတဲ့အရောင်၊ ရေးသားထားတဲ့ အင်္ဂလိပ်အက္ခရာများရဲ့ အဓိပ္ပာယ်နဲ့ရည်ရွယ်ချက်ကိုလည်းသိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ နံပါတ်(၃) အနေနဲ့ကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေ ထုတ်ပေးထားတဲ့ နံပါတ်ပြားများ မဟုတ်ဘဲ တခြားနံပါတ်ပြားများ တပ်ဆင်သွားလာလျက်ရှိတာကိုတွေ့ရပါတယ်။ ဥပမာအားဖြင့် ဒီပလပ်စတစ်နဲ့လုပ်ထားတဲ့ နံပါတ်ပြားတွေ တခြားနံပါတ် ကညနက သတ်မှတ်ပေးတဲ့ နံပါတ် မဟုတ်ဘဲနဲ့ မည်သည့်နံပါတ်မှန်းမသိ ရေးထားတာတွေလဲတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို အဆိုပါယာဉ်တွေနဲ့စပ်လျဉ်းလို့လည်း မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားတာကိုလည်းပဲ သိရှိလိုတဲ့ အတွက် အများအကျိုးအတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်း

ဒေသကြီး၊ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန္ဒကျော်စွာရဲ့မေးခွန်းကို ရထား ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မော်တော်ယာဉ်များကို မှတ်ပုံတင်ရာမှာ အရင်က ယာဉ်အမှတ်များကို မြန်မာအက္ခရာ၊ မြန်မာဂဏန်းများနှင့် အသုံးပြုခဲ့ပါတယ်။ မော်တော်ယာဉ်များမှတ်ပုံတင်ထားတဲ့ တိုင်းဒေသကြီး/ ပြည်နယ်များကို အလွယ်တကူသိရှိနိုင်ရန်အတွက် ယာဉ်နံပါတ်ပြားများမှာ တိုင်းဒေသကြီး/ပြည်နယ် များခွဲခြားသိရှိလွယ်တဲ့ ကုတ်များထည့်သွင်းဖို့တဲ့အတွက် ဦးစွာစဉ်းစားခဲ့ခြင်း ဖြစ်ပါတယ်။ အာဆီယံ နိုင်ငံများမှာရှိတဲ့ မော်တော်ယာဉ်နံပါတ်ပြားများမှာ ရေးသားဖော်ပြချက်တွေကို လေ့လာရာမှာ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှာ မော်တော်ယာဉ်နံပါတ်ပြားမှာရှိတဲ့ ရှေ့အက္ခရာ ကတော့ သူတို့ရဲ့ဘာသာစကားဖြစ်ပြီးတော့ နောက်ဂဏန်းတွေက အင်္ဂလိပ်နံပါတ်ပြားတွေဖြစ်တဲ့ အကြောင်းနဲ့ ကျန်အာဆီယံနိုင်ငံတွေမှာတော့ မော်တော်ယာဉ်နံပါတ်ပြားမှာရှိတဲ့ အက္ခရာနဲ့ဂဏန်း အားလုံးဟာ အင်္ဂလိပ်စာလုံး၊ အင်္ဂလိပ်ဂဏန်းများဖြစ်ကြောင်း တွေ့ရတဲ့အတွက်ကြောင့် နိုင်ငံတကာနဲ့ ဆက်ဆံတဲ့အခါမှာ လွယ်ကူစေရန်အတွက် ယာဉ်အမှတ်အသားများကို အင်္ဂလိပ်စာလုံးများနဲ့ ရေးသားမှုကိုပါ တစ်ပါတည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ မော်တော်ယာဉ်အမှတ်များကို အင်္ဂလိပ် နံပါတ်ပြားများ ပြောင်းလဲခြင်းလုပ်ငန်းများကိုတော့ ၃-၇-၂၀၁၃ ရက်နေ့မှာ ကနဦးမှတ်ပုံတင်ပြုလုပ်တဲ့ 4F ၈၀၀၀ ကနေစပြီးတော့ သတ်မှတ်ပြောင်းလဲတပ်ဆင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနဲ့ နေပြည်တော်ကောင်စီ စုစုပေါင်း ၁၅ ခုရဲ့ကိုယ်စား အင်္ဂလိပ်အက္ခရာအတိုကောက်စာလုံးများကို လည်း တစ်ပါတည်းထည့်သွင်းသတ်မှတ် အသုံးပြုခဲ့ပါတယ်။ အဲလိုဆောင်ရွက်ခြင်းအားဖြင့် လမ်းပေါ် မှာသွားလာနေတဲ့ ယာဉ်တွေကို ဘယ်ပြည်နယ်/ဘယ်တိုင်းက မှတ်ပုံတင်ထားတာကို အလွယ်တကူ သိရှိနိုင်ခြင်း၊ ယာဉ်တိုက်ခိုက်မှု၊ ရာဇဝတ်မှု ဖော်ထုတ်ရာမှာ လွယ်ကူမြန်ဆန်စွာ ဖော်ထုတ်နိုင်ခြင်းနဲ့ ခရီးသွားလုပ်ငန်း၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများဖြင့် ဝင်ရောက်လာမယ့် နိုင်ငံခြားသားကို အထောက် အကူပြုနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများရနိုင်မှာ ဖြစ်ပါတယ်။ မော်တော်ယာဉ်နံပါတ်ပြားရဲ့ အရောင် များကိုတော့ ယာဉ်ကိုအသုံးပြုတဲ့ လုပ်ငန်းအမျိုးအစားနှင့်အဖွဲ့အစည်း ကွဲပြားစေရန် အတွက်သာ ခွဲခြားသတ်မှတ်ပေးထားခြင်းဖြစ်ပါတယ်။ မော်တော်ယာဉ်များမှာ တပ်ဆင်ထားတဲ့ နံပါတ်ပြားများကို တော့ ယာဉ်အမျိုးအစားအလိုက် အရောင်သတ်မှတ်ချက်တွေကတော့ သံရုံးအဖွဲ့အစည်းပိုင် ယာဉ်နံပါတ်ပြားမှာတော့ အောက်ခံရောင်အဖြူ စာလုံးအရောင်အနက်ဖြင့်လည်းကောင်း၊ သာသနာ ပိုင်ယာဉ်နံပါတ်ပြားအနေနဲ့ အောက်ခံရောင်အဝါ စာလုံးအရောင်အနက်ဖြင့်လည်းကောင်း၊ ခရီးသွား

လုပ်ငန်းယာဉ် နံပါတ်ပြားမှာအောက်ခံအရောင်အပြာ စာလုံးအရောင်အဖြူဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ယာဉ်၊ ဆိုင်ကယ်ယန္တရားများရဲ့ နံပါတ်ပြားမှာအောက်ခံအရောင် အနက်နဲ့စာလုံး အရောင်အဖြူဖြင့်လည်းကောင်း၊ အငှားယာဉ်၊ နောက်တွဲယာဉ် နံပါတ်ပြားတွေကတော့ အောက်ခံအရောင်အနီနဲ့စာလုံးအရောင်အဖြူဖြင့်လည်းကောင်း၊ လျှပ်စစ်ဒါန်းယာဉ်ကိုတော့ နံပါတ်ပြားတွေက အောက်ခံအရောင်အစိမ်းနဲ့ စာလုံးအရောင်အဖြူဖြင့်လည်းကောင်း၊ နိဗ္ဗာန်ယာဉ်နံပါတ်ပြားကိုတော့ အောက်ခံအရောင်နီညိုနဲ့ စာလုံးအရောင်အဖြူဖြင့်လည်းကောင်း ခွဲခြားသတ်မှတ်ပေးထားခဲ့ပါတယ်။ မော်တော်ယာဉ်များမှာတပ်ဆင်ထားတဲ့ နံပါတ်ပြားမှာပါတဲ့ ရေးသားထားတဲ့ အင်္ဂလိပ်စာလုံးများရဲ့ ရည်ရွယ်ချက်ကတော့ မော်တော်ယာဉ်အသုံးပြုတဲ့ လုပ်ငန်းနယ်ပယ်နဲ့အဖွဲ့အစည်းများကို ခွဲခြားသိရှိစေရန်ဖြစ်ပြီးတော့ သာသနာပိုင်ယာဉ်အတွက်တော့ RELIGIOUS ရဲ့ အတိုကောက်ဖြစ်တဲ့ RLG၊ နိဗ္ဗာန်ယာဉ် HRARSE အတိုးကောက်ဖြစ်တဲ့ HSE၊ သံရုံး/သံတမန်ယာဉ် CORP DIPLOMATIC ရဲ့ အတိုကောက် CD၊ အဖွဲ့အစည်းပိုင်ယာဉ် UNITED NATION တို့ရဲ့ အတိုကောက်ဖြစ်တဲ့ UN ဆိုပြီးတော့ အဓိပ္ပာယ်ယူသတ်မှတ်ထားခြင်း ဖြစ်ပါတယ်။

အဲ့လိုနံပါတ်ပြားတွေကိုအရောင်တွေ၊ အက္ခရာတွေ ခွဲခြားသတ်မှတ်ထားပြီးတော့ သာသနာပိုင်ယာဉ် RLG ယာဉ်အမှတ်၊ နိဗ္ဗာန်ယာဉ် HSE ယာဉ်အမှတ်၊ သံရုံး/သံတမန်ယာဉ် CD ယာဉ်အမှတ်၊ အဖွဲ့အစည်းပိုင်ယာဉ် UN ယာဉ်အမှတ်၊ ရာသက်ပန်အငှားယာဉ် AA,BB,CC ယာဉ်အမှတ်တို့ကိုတော့ သီးခြားယာဉ်အမှတ်များသတ်မှတ်ပြီးတော့ ကျန်ယာဉ်အမျိုးအစားအားလုံးကိုတော့ ရောက်ရှိမှုသေနံပါတ်များနဲ့ သတ်မှတ်ပေးထားခဲ့ပါတယ်။ သာသနာပိုင်ယာဉ် RLG ယာဉ်အမှတ်၊ နိဗ္ဗာန်ယာဉ် HSE ယာဉ်အမှတ်၊ သံရုံး/သံတမန်ယာဉ် CD ယာဉ်အမှတ်၊ အဖွဲ့အစည်းပိုင်ယာဉ် UN အမှတ်စတဲ့ ယာဉ်အမျိုးအစားတွေကိုတော့ ကနဦးမှတ်ပုံတင်ရာမှာ ပြည်ပတင်သွင်းရန်မှတ်ပုံတင်ခတွေ ကင်းလွတ်ခွင့်ပြုထားခဲ့ပါတယ်။ ရာသက်ပန်အငှားယာဉ် AA,BB,CC အမျိုးအစားတွေကတော့ ကိုယ်ပိုင်ယာဉ်အဖြစ်ပြောင်းလဲပြီးတော့ သုံးစွဲ၍ မရပါဘူး။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နဲ့တင်သွင်းတဲ့ယာဉ်တွေကိုတော့ နယ်မြေမပြောင်းရ၊ ကိုယ်ပိုင်ယာဉ်အဖြစ်ပြောင်းလဲခြင်း၊ ရောင်းချ၍အမည်ပြောင်း လဲခြင်း ခွင့်မပြုတဲ့ကန့်သတ်ချက်နဲ့ ပြည်ပတင်သွင်းမှတ်ပုံတင်ခကို မူလတန်ဖိုး FOB ရဲ့ ၅၀ ရာခိုင်နှုန်း သာကောက်ခံပြီးတော့ AA,BB,CC ယာဉ်အမှတ်နဲ့ Taxi ယာဉ်အဖြစ် မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေ ၁၃၇ မှာ ယာဉ်တွင်တပ်ဆင်ထားသော မှတ်ပုံတင်အမှတ်သည် ထင်ရှားပေါ်လွင်ခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်ပြားပုံသဏ္ဌာန်ပျက်နေလျှင် ထိုယာဉ်ကို မမောင်းနှင်ရ သို့မဟုတ် မမောင်းနှင်းစေရဟု ဖော်ပြထားပါတယ်။ ကနဦးမှတ်ပုံတင်ယာဉ်တွေကိုတော့ အင်္ဂလိပ်အက္ခရာဂဏန်းပါ ယာဉ်နံပါတ်ပြားများ စတင်တပ်ဆင်တဲ့အချိန်မှာရှိနေတဲ့ မြန်မာနံပါတ်ပြားတပ်ထားတဲ့ယာဉ်တွေကို နှစ်လဲလှယ်မှတ်ပုံတင်ချိန်တွေမှာ ပြောင်းလဲတပ်ဆင်နိုင်ရေးကို ကညနက ၉-၉-၂၀၁၃ ရက်စွဲပါ စာနဲ့ထုတ်ပြန်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အင်္ဂလိပ်အက္ခရာနံပါတ်ပါ နံပါတ်ပြားတွေ မပြောင်းလဲရသေးတဲ့ ယာဉ်ပိုင်ရှင်များအနေနဲ့လည်း သူတို့ရဲ့ဆန္ဒအရ လာရောက်လျှောက်ထားလို့ရှိရင် ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားတဲ့ နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်တွေတပ်ဆင်သွားလာလျက်ရှိတဲ့ ယာဉ်တွေကိုတော့ လိုင်စင်မဲ့ယာဉ်လို့ သံသယရှိနိုင်ပါတယ်။ လိုင်စင်မဲ့ယာဉ်များဟုတ်/မဟုတ် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့က စိစစ်မေးမြန်းတဲ့အခါမှာ မော်တော်ယာဉ်နဲ့ပတ်သက်တဲ့အထောက်အထားများနဲ့ စိစစ်ခြင်း၊ လိုအပ်ပါက ယာဉ်စစ်ဆေးပြီးတော့ ရုံးမှတ်တမ်းများနဲ့ တိုက်ဆိုင်စစ်ဆေးခြင်းများပြုလုပ်ပြီး အကြောင်းပြန်ကြားပေးခြင်းအားဖြင့် ရဲတပ်ဖွဲ့နဲ့ပူပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးနန္ဒကျော်စွာ(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တဆက်တစပ်တည်း ဆက်စပ်မေးခွန်းလေး မေးမြန်းခွင့်ပြုစေလိုပါတယ်ခင်ဗျား။ အခုလို ဖြေကြားပေးတဲ့ သက်ဆိုင်ရာ ဒုတိယဝန်ကြီးကို ကျေးဇူးအထူးတင်ပါတယ်။ သို့သော်လည်း ဆက်စပ်မေးခွန်းလေးအနေနဲ့ တစ်ခု၊ နှစ်ခု မေးပါရစေခင်ဗျား။ ဒီမော်တော်ယာဉ်အက္ခရာနံပါတ်ပြားများကို တပ်ဆင်တဲ့အခါမှာ ဒီတစ်ခါတစ်ခါကျတော့ အင်္ဂလိပ်နံပါတ်ပြားများအပြင်ကို နံပါတ်ပြားများရဲ့ ဘေးတွေမှာလည်းပဲ နံပါတ်ပြားဆိုတာ မှတ်မိလွယ်အောင် မှတ်သားနိုင်အောင်ပေးထားတာ။ နေ့ဘက်မဟုတ်ဘဲ ညဘက်ကျတော့ ဒီကနဦးမှာမပါခဲ့တဲ့ ရောင်ပြန် LED မီးလုံးလေးတွေပါ တပ်ဆင်ထားတဲ့အခါမှာ နံပါတ်ပြားများကို မမြင်ရတဲ့အတွက် ဒါကြောင့်မို့ အဲဒီဟာလေးအတွက်လည်း အမှတ်အသားများကို သိလိုတာပါ။ တခြားနံပါတ်တွေတပ်ထားတဲ့အခါကျတော့လည်း Power Point လေးနဲ့လည်း ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တခြားနံပါတ်ပြားများ တပ်ထားတဲ့အခါကျတော့လည်း အဲဒီနံပါတ်ပြားများကို မှတ်လို့တော့ အရေးအကြောင်းမှာ ဘယ်လိုမှ အရေးယူလို့ရနိုင်ဖွယ်ရာ မရှိပါဘူးခင်ဗျား။ ဒါကြောင့်

မို့လို့ အဲဒီဟာလေးတွေနဲ့ပတ်သက်လို့လည်း အရေးယူမှု ကျွန်တော် မေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခုနက ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ သာသနာပိုင်ယာဉ်ကို RELIGIOUS မို့လို့ RLG ဆိုတာ လက်ခံနိုင်ပါတယ်ခင်ဗျား။ နိဗ္ဗာန်ယာဉ် HRARSE ကိုလည်း HSE ဆိုတာ လက်ခံပါတယ်ခင်ဗျား။ တကယ်လို့ ကျွန်တော်တို့ အသက်ထင်ရှားရှိနေစဉ်ကာလမှာလည်း မြန်မာလူမျိုး ဗုဒ္ဓဘာသာများဟာ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့သွားလိုဖို့ ဆုတောင်းနေကြတာပါခင်ဗျား။ အဲဒီတော့ နိဗ္ဗာန်ယာဉ်အနေနဲ့ HSE တပ်ပေးထားတာလည်း လက်ခံပါတယ်။ သို့သော် အခုပုံမှာပြထားတဲ့အတိုင်းပဲ Ambulance ဆိုတဲ့ ကိစ္စကတော့ Ambulance ဆိုတာ နာရေးယာဉ်မဟုတ်ပါဘူးခင်ဗျား။ အသက်ရှိနေသေးတဲ့ လူနာများကို သယ်ဆောင်ပြီးသွားတဲ့ မော်တော်ယာဉ်ဖြစ်ပါတယ်။ အသက်ခန္ဓာမရှိတော့တဲ့ ပုဂ္ဂိုလ်မျိုးကိုတင်သွားတဲ့ နိဗ္ဗာန်ယာဉ်မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ Ambulance မှာတပ်ထားတဲ့ HSE ကတော့ အဲဒီပေါ်မှာလိုက်ပါစီးနင်းသွားရတဲ့ လူနာအနေနဲ့ သူ့ကိုတင်သွားတဲ့ မော်တော်ယာဉ်သည် HRARSE ဆိုတဲ့ အဓိပ္ပာယ်လေးဟာ မြန်မာနိုင်ငံ ဦးထွန်းငြိမ်းရဲ့ အဘိဓာန်မှာရော၊ Change Best Essentials မှာရော ရေးထားတာကတော့ ဒီမသာရထား၊ မသာလှည်းကို HRARSE လို့ရေးထားတဲ့အတွက် စီးနင်းရတဲ့သူအဖို့များသိရင် ရင်ထဲမှာတစ်မျိုးကြီးဖြစ်မှာပါ။ ဒါကြောင့်မို့လို့ အဲဒီနံပါတ်ပြား လေးကိုလည်းပဲ မည်သို့များ ပြန်လည်ပြောင်းပေးနိုင်မယ်ဆိုတာလေးကို သိရှိလိုတဲ့အတွက် ဖြေကြားပေးနိုင်ရင် ဖြေကြားပေးဖို့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးက မေးခွန်းနှစ်ခုထပ်တိုးပြီးတော့ မေးသွားတာရှိပါတယ်ခင်ဗျ။ ပထမတစ်ခုဖြစ်တဲ့ နံပါတ်ပြားတွေ ကျွန်တော်တို့သတ်မှတ်ထားတဲ့နံပါတ်ပြားတွေ မဟုတ်တဲ့ဟာကိစ္စကို ကျွန်တော်ဦးစွာဖြေကြားတင်ပြသွားပါမယ်။ ကျွန်တော်တို့ ကညနမှာက မော်တော်ယာဉ်တွေကို ကနဦးလာပြီးတော့ မှတ်ပုံတင်တဲ့ အချိန်မှာလည်း ကျွန်တော်တို့ တွေ့ပါတယ်။ အဲဒီအချိန်မှာ မှတ်ပုံတင်ထားတာကို အရှေ့ရယ်၊ အနောက်ရယ်၊ ဘယ်ညာရယ် ကျွန်တော်တို့ ဓာတ်ပုံသုံးပုံနဲ့ မှတ်တမ်းတင်ပြီးတော့ထားရှိပါတယ်။ နောက်သက်တမ်းတိုးဖို့လာတဲ့အချိန်ကျရင် အဲဒီယခင် မှတ်တမ်းတင်ထားသော ဓာတ်ပုံများနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ အချို့သော ပုံသဏ္ဌာန်မတူတဲ့ဟာတွေ ကျွန်တော်တို့ ပြန်ပြီးတော့ဖြုတ်ခိုင်းပါတယ်။ အလားတူပဲ အင်ဂျင်နံပါတ်တို့၊ ချက်စီနံပါတ်တို့ စသည်ဖြင့် အဲလိုမျိုးမှတ်တမ်းတင်ထားတဲ့

အရေးကြီးပစ္စည်းတွေ ရှိလို့ရှိရင်လည်း ကျွန်တော်တို့က သူတို့ လဲထားတယ်ဆိုရင် ကျွန်တော်တို့ လမ်းကြောင်းပြန်တည့်အောင်ဆိုပြီးတော့ ကျွန်တော်တို့ လုပ်ပေးလေ့ရှိပါတယ်။ အခုတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ကိစ္စတွေဟာလည်း ရံဖန်ရံခါ ကျွန်တော်တို့ တွေ့ပါတယ်။ အကယ်၍များ ကျွန်တော်တို့ဆီကို လာပြီးသက်တမ်းတိုးဖို့ လာတဲ့အချိန်မှာ အဲဒီလိုမျိုးပါလာတယ် ဆိုရင်တော့ ကျွန်တော်တို့က အဲဒီနံပါတ်ပြားကိုဖြုတ်ပြီးတော့ ကျွန်တော်တို့ရဲ့ယခင်နံပါတ်ပြား သူတို့ကို ပေးထားပြီးသား နံပါတ်ပြားကို တပ်ခိုင်းပြီးမှသာလျှင် ကျွန်တော်တို့ သက်တမ်းတိုးမှတ်ပုံတင် ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ သို့သော်လည်း ကျန်တဲ့ ကျွန်တော်တို့ဆီကို လာတာ တစ်နှစ်မှာ ၃၆၅ ရက်ဆို သူတို့က တစ်ရက်ပဲလာတယ်။ ကျန်တဲ့ ၃၆၄ ရက်က လမ်းပေါ်မှာရှိနေတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီကိစ္စကတော့ အခုပြောတာတွေကို ကျွန်တော်တို့ပိုပြီးတော့ အလေးထား ဆောင်ရွက်ဖို့ကိစ္စကိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွား မှာဖြစ်ပါတယ်လို့ ဖြေကြားအပ်ပါတယ် ခင်ဗျား။ ဒုတိယတစ်ခုကတော့ အခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး Power Point မှာ ထိုးပြသွားတဲ့ပုံက ကျွန်တော် ယာဉ်နှစ်ခု အနေအထားလေး ကျွန်တော် နည်းနည်းရှင်းပြပါ့မယ်ခင်ဗျား။ ကျွန်တော်အခုနက တင်ပြသွားတဲ့အထဲမှာ HSE ကိုတော့ နိဗ္ဗာန်ယာဉ်ဆိုပြီးတော့တင်ပြသွားပါတယ်။ အဲဒီ နိဗ္ဗာန်ယာဉ်မှာ ကန့်သတ်ချက်တွေကတော့ ဘာတွေပါလဲဆိုတော့ အခေါင်းတင်လို့ရတဲ့ Space ရှိရမယ် ဆိုတဲ့ အနေအထားမျိုးတွေ ကျွန်တော်တို့လုပ်ထားတာ ရှိပါတယ်။ အဲဒီ နိဗ္ဗာန်ယာဉ်နဲ့ လူနာတင်ယာဉ် မတူပါဘူးခင်ဗျ။ ကျွန်တော်တို့ မှတ်ပုံတင်ပေးခြင်းသည် နိဗ္ဗာန်အတွက်ပဲ မှတ်ပုံတင်ပေး ခြင်းဖြစ်ပါတယ်။ HSE နံပါတ်ကလည်း နိဗ္ဗာန်ယာဉ်အတွက်သာ ဖြစ်ပါတယ်။ လူနာတင်ယာဉ် တွေကတော့ ကျွန်တော်အခုနကပြောတဲ့ အခြားသောယာဉ်တွေနဲ့ တွဲပြီးတော့ထားတဲ့နံပါတ်တွေနဲ့ တစ်တွဲထဲထားတဲ့ဟာပါ။ သူ့မှာထူးခြားတာဆိုလို့ လူနာတင်ယာဉ်မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဒီလူနာတင်လို့ရတဲ့ဟာရှိရမယ်။ ပြီးရင် အောက်ဆီဂျင်အိုးပါရမယ် စသည့်သတ်မှတ်ချက်တွေရှိ ပါတယ်။ အဲဒီဟာတွေနဲ့ပဲ ကျွန်တော်တို့ လုပ်ပါတယ်။ အခုနကတုန်းက Power Point နဲ့ တင်ပြသွားတဲ့ HSE ကိုတော့ ယခင်တုန်းက နိုင်ငံခြားကဝင်တဲ့ကားတွေကိုပဲပေးပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲလောက် ကတော့ လူမှုအဖွဲ့အစည်းတွေရဲ့တောင်းဆိုချက်ကြောင့် ကျွန်တော်တို့ မြန်မာပြည်တွင်းကို အကြောင်း အမျိုးမျိုးကြောင့်ရောက်နေတဲ့မော်တော်ယာဉ်တွေကို ကျွန်တော် HSE အနေနဲ့ မှတ်ပုံတင်ပေးခဲ့ ပါတယ်။ အဲဒီအချိန်တုန်းကလည်း လူနာတင်ယာဉ်ကို မှတ်ပုံတင်မပေးကြဘူးလားဆိုတဲ့ အနေအထား

မျိုးနဲ့ ကျွန်တော်တို့ကို တောင်းဆိုထားမျိုးရှိပါတယ်။ တောင်းဆိုတဲ့အချိန်မှာ ကျွန်တော်တို့က ဒီ HSE မှာ သေချာတာက သူက အခကြေးငွေနဲ့လုပ်တဲ့ဟာ လုံးဝမရှိပါဘူး။ လူမှုအဖွဲ့အစည်းတွေက သူ့ဟာသူ လုပ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကတော့ အခြားအကြောင်းကြောင်းကြောင့် ရောက်နေတဲ့ လိုင်စင်မဲ့ကားတွေကို မှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။ လူနာတင်ယာဉ်ဝင်တဲ့လမ်းကြောင်းကတော့ အခြားယာဉ်တွေကဲ့သို့ ဘာအခွန်မှမကောက်ဘဲနဲ့ ကျွန်တော်တို့က မှတ်ပုံတင်ပေးပါတယ်။ သာမန် အားဖြင့်ဆိုရင်တော့ မှတ်ပုံတင်ပေးရင် နိုင်ငံခြားကဝင်လာတဲ့ကား အတွက်ဆိုရင်တော့ ဘဏ္ဍာရေး ဝန်ကြီးဌာနက Custom Duty ကောက်ပါတယ်။ Commission Tax ကောက်ပါတယ်။ ကျွန်တော်တို့ ကညနက ပြင်ပက တင်သွင်းရင်မှတ်ပုံတင်ခဆိုတာ ကောက်ပါတယ်။ လူနာတင်ယာဉ်မှာ အခုန TD လည်း မကောက်ပါဘူး။ CD လည်းမကောက်ပါဘူး။ ကျွန်တော်တို့ဆီက ကညန ကကောက်တဲ့ ပြည်ပကတင်သွင်းရင်မှတ်ပုံတင်ခလည်း မကောက်ပါဘူး။ ဒါပေမဲ့ အခုဖြစ်နေတာက ဘာဖြစ်နေလဲ ဆိုတော့ လူနာတင်ယာဉ်ဖြစ်ဖို့ဆိုရင် ကျွန်တော်တို့က ကန့်သတ်ချက် တွေရှိနေတယ်။ အထဲမှာ Finest State အနေနဲ့ ကုသပေးနိုင်တဲ့အနေအထားမျိုးလေးတွေရှိရမယ်လို့ ကန့်သတ်ချက်ပါနေတယ်။ ပါနေတော့ အဲဒီဟာကိုရှိနေတာရယ်တစ်ခု၊ ဒုတိယတစ်ခုက အခုပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း တွေရှိနေတယ်။ အဲဒီ ပုဂ္ဂလိကဆေးရုံတွေ၊ ဆေးခန်းတွေကလည်း သူတို့ရဲ့ငွေကြေးရရှိရေးအတွက်ကို လူနာတင်ယာဉ်တွေသုံးနေတာရှိပါတယ်။ အဲဒီအတွက်ကြောင့် ယခင်တုန်းက ကျွန်တော်တို့ နိဗ္ဗာန် ယာဉ်ကို မှတ်ပုံတင်မယ့်ယာဉ်တွေကို နိဗ္ဗာန်ယာဉ်အဖြစ် မှတ်ပုံတင်ပေးခဲ့သော်လည်းပဲ လူနာ တင်ယာဉ်ကို မှတ်ပုံတင်မပေးခဲ့ခြင်းဖြစ်ပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွား တဲ့ ပုံကတော့ ရောနေလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ လူနာတင်ယာဉ်ဆိုလည်း လူနာတင်ယာဉ်မှာ လူနာတင်ယာဉ် (Ambulance) လို့ ရေးထားတာပဲရှိပါတယ်။ လူနာတင်ယာဉ်ရဲ့နံပါတ်က ရောက်ရှိပုံသေ နံပါတ်ပဲဖြစ်ပါတယ်။ အခု HSE က နိဗ္ဗာန်ယာဉ်ဖြစ်ပါတယ်။ အခုဟာကတော့ သူက Dural Use ဘာကြောင့်သုံးသွားသလဲတော့ ကျွန်တော်တို့မသိပါဘူး။ အဲဒီအနေအထားမျိုးရှိကြောင်း ကျွန်တော် ပြန်လည်ပြီးတော့တင်ပြအပ် ပါတယ်။ ကျွန်တော်တို့ ကညနကကိုလည်း အဲဒီဟာတွေလာပြီး မှတ်ပုံတင်မယ်ဆိုရင် အခုနအတိုင်းပါပဲ။ ကျွန်တော်တို့ နှစ်ပတ်လည်မှတ်ပုံတင်လာတဲ့အချိန်မှာတော့ ကျွန်တော်တို့ ဒီကိစ္စတွေကို အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ဟာမျိုးမဖြစ်အောင် ကျွန်တော်တို့ ပြန်ပြီးတော့ ရှင်းပေးပါ မယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**အုပ်ချုပ်ရေးမြို့တော်၊ နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာတာဝန်ကျ ယာဉ်ထိန်းရဲများအနေဖြင့်လည်း အရေးယူဆောင်ရွက်ခြင်းများ အားနည်းနေခြင်းအပေါ် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်ခင်၊ ကျောက်တန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မော်တော်ဆိုင်ကယ်စီးနင်းသူများနဲ့ပတ်သက်တဲ့မေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့မြို့နယ်အသီးသီးမှာ မော်တော်ဆိုင်ကယ်များကို တွင်တွင်ကျယ်ကျယ် စီးနင်းအသုံးပြုလျက်ရှိနေကြပါတယ်။ အချိန်ကုန်သက်သာပြီး သွားရေးလာရေး အစဉ်ပြေလျက်လည်းရှိကြပါတယ်။ သို့သော်လည်း စီးနင်းသူအချို့ရဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းများကြောင့် ယာဉ်တိုက်မှုတွေမကြာခဏဖြစ်ပွားပြီး အသက်သေဆုံးတဲ့အထိဆိုးကျိုးတွေကို ခံစားနေကြရပါတယ်။ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ မြို့နယ်များသာမက အထူးသဖြင့်အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့ နေပြည်တော်မှာလည်း အောက်ဖော်ပြပါစည်းကမ်းမလိုက်နာမှုများကို မကြာခဏတွေ့မြင်နေကြရပါတယ်။ မီးပွိုင့်မီးနီနေစဉ်မှာ ဖြတ်သန်းမောင်းနှင်ခြင်း၊ ဆိုင်ကယ်တစ်စီးမှာ သုံးယောက်ထက်မက စီးနင်းခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ နံပါတ်ပြား၊ နောက်ကြည့်ဘက်မှန်များ၊ အချက်ပြမီးများမကောင်းခြင်းများကို တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား တိကျစွာရေရှည်လိုက်နာဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာတာဝန်ကျ ယာဉ်ထိန်းရဲများအနေဖြင့်လည်း အရေးယူဆောင်ရွက်ခြင်းများအားနည်းနေခြင်းများအပေါ် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို သိရှိလိုပါသဖြင့်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ရဲ့ကြယ်ပွင့်ပြမေးခွန်း အပေါ် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ယာဉ်တိုက်ခိုက်မှုအန္တရာယ် မဖြစ်ပွားစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းပေးရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူလူထုကို အသိပညာပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန်၊ ဖြစ်ပွားတဲ့ယာဉ်တိုက်မှုများအား စုံစမ်းဖော်ထုတ် တရားစွဲဆိုတင်ပို့ရန်၊ အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း၊ ဧည့်သည်တော်ယာဉ်တန်းနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ကို ဆောင်ရွက်ပေးရန်စတဲ့ ရည်မှန်းချက်တာဝန်(၅)ရပ်ကို ချမှတ်ပြီးတော့ ၈-၁၁-၂၀၁၂ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄၀/၂၀၁၂)အရ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၆၅ စုအဖြစ် ဖွဲ့စည်းပြီးတော့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဟာ ချမှတ်ထားတဲ့ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးတာဝန်များကို အဓိကထားဆောင်ရွက်လျက်ရှိရာမှာ ယင်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက်ကို စည်းကမ်းပျက်ယာဉ်မောင်းများအား ပညာပေးဆောင်ရွက်ခြင်း၊ စစ်ဆေးအရေးယူခြင်းများကိုလည်း နေ့စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့သော်လည်း တိုးတက်များပြားလာတဲ့ လူဦးရေ၊ ယာဉ်စီးရေ၊ မြို့ပြအခြေအနေများအရ လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၅-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၅)အရ ယာဉ်ထိန်းရဲတပ်ဖွဲ့စုကို ၁၂၆ စုအထိ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ အများပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ဖို့အတွက်ကို ကြပ်မတ်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီရဲ့ ၂၀၁၂ ခုနှစ်၊ မေလ ၂၅ ရက် ရက်စွဲပါစာအမှတ်ဖြင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို နေပြည်တော်ကောင်စီဝင်၊ ပညာပေးရေးနှင့်စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီကို ဥပဒေအရာရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူရေးဆပ်ကော်မတီကို

နေပြည်တော်ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး၊ တက္ကစီနှင့်အငှားယာဉ် ကြီးကြပ်ရေးဆပ်ကော်မတီကို နေပြည်တော် ပို့/ဆက်ဦးစီးမှူး၊ ကုန်တင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီအား ဌာနမှူး နေပြည်တော်စည်ပင်၊ ယာဉ်မတော်တဆမှုများအား စာရင်းကောက်ယူရေးနှင့် သုတေသနများပြုစုရေး ဆပ်ကော်မတီအား နေပြည်တော် ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆပ် ကော်မတီအား သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးတို့မှ ဥက္ကဋ္ဌအဖြစ် အသီးသီးဦးဆောင် ဖွဲ့စည်းပြီးတော့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်ကောင်စီနယ်မြေဟာ မြို့နယ်(၈)မြို့နယ်ပါဝင်ပြီးတော့ အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ယာဉ်ထိန်းရဲတပ်ဖွဲ့စုရှစ်စုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ထိန်းသိမ်းပေးခြင်း၊ အဝိုင်း၊ မီးပွိုင့်၊ လမ်းဆုံလမ်းခွများ၊ ကျောင်းများမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ကို ဆောင်ရွက်ပေးခြင်း၊ ယာဉ်မတော်တဆမှုများအား စုံစမ်း ဖော်ထုတ်စစ်ဆေးအရေးယူခြင်း၊ အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း၊ ဧည့်သည်တော်ယာဉ်တန်းများနှင့် နိုင်ငံတော်အဆင့်အခမ်းအနားများမှာ ယာဉ်လမ်းရှင်းလင်းရေးတာဝန်များကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ မီးပွိုင့်ပေါင်း ၂၈ ခုရှိရာမှာ မီးပွိုင့်တစ်ခုလျှင် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် နေ့စဉ်ပုံသေတာဝန်ချထား ဆောင်ရွက်လျက်ရှိပါတယ်။ နေ့စဉ် ယာဉ်စည်းကမ်းစစ်ဆေးရေးအဖွဲ့ ကိုးဖွဲ့ရှိပြီးတော့ ရှစ်မြို့နယ်အတွင်းမှာ ပုံသေစစ်ဆေးခြင်း၊ ရွေ့လျား/ ရှောင်တခင်စစ်ဆေးခြင်းများကို အရေးကြီးနေရာများ၊ ဈေးများ၊ ဆေးရုံများ၊ ကျောင်းများ၊ ယာဉ် အန္တရာယ်ဖြစ်ပွားနိုင်သောနေရာများ၊ လူစည်ကားရာနေရာများမှာ စစ်ဆေးဆောင်ရွက်လျက်ရှိပါ တယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ မော်တော်ဆိုင်ကယ်စီးနင်းသူများအပါအဝင် ယာဉ် မောင်းသူများ၊ လမ်းအသုံးပြုသူများသည် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၂ ခုနှစ်မှာ မြို့ပေါ်၌ ၁၀၅ ကြိမ် တက်ရောက်သူဦးရေ ၂၉၅၀၀ ဦး၊ ကျေးရွာများ၌ ၆၃ ကြိမ် တက်ရောက်သူဦးရေ ၁၆၆၅၇ ဦး၊ ၂၀၁၃ ခုနှစ်မှာ မြို့ပေါ်မှာ ၁၆၀ ကြိမ် တက်ရောက်သူဦးရေ ၂၈၃၀၀ ဦး၊ ကျေးရွာများ၌ ၈၄ ကြိမ် တက်ရောက်သူဦးရေ ၆၀၉၅ ဦး၊ ၂၀၁၄ ခုနှစ်မှာ မြို့ပေါ်မှာ ၂၅၂ ကြိမ် တက်ရောက်သူဦးရေ ၂၁၈၉၀ ဦး၊ ကျေးရွာများ၌ ၁၃၂ ကြိမ် တက်ရောက်သူဦးရေ ၁၇၅၀၅ ဦး၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ အထိ မြို့ပေါ်မှာ ၁၂၅ ကြိမ် တက်ရောက်သူဦးရေ ၂၂၉၅၆ ဦး၊ ကျေးရွာများ၌ ၉၈ ကြိမ် တက်ရောက်

သူဦးရေ ၂၃၂၅၃ ဦးကို အသိပညာပေးမှုများ ဟောပြောဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ယာဉ်စည်းကမ်းထိန်းသိမ်းရေး၊ ယာဉ်စစ်ဆေးရေးအဖွဲ့များက နေ့စဉ် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာမှာ မော်တော်ဆိုင်ကယ်ဖမ်းဆီးအရေးယူမှုမှာ ၂၀၁၂ ခုနှစ်မှာ ၉၇၃၀ မှု၊ ၂၀၁၃ ခုနှစ် မှာ ၅၃၉၆ မှု၊ ၂၀၁၄ ခုနှစ်မှာ ၃၉၁၉ မှု၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ ၁၄၈၂ မှု ဖမ်းဆီးအရေးယူခဲ့ပြီးဖြစ်ပါတယ်။ အရေးယူဖမ်းဆီးခြင်းမရှိဘဲနဲ့ ၂၀၁၂ ခုနှစ်မှာ ၁၈၆၉ ဦး၊ ၂၀၁၃ ခုနှစ်မှာ ၂၉၄၈ ဦး၊ ၂၀၁၄ ခုနှစ်မှာ ၃၂၁၃ ဦး၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ ၃၄၆၄ ဦးကိုလည်း ပညာပေးဆောင်ရွက်မှုများပြုလုပ်ပြီးတော့ ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ မော်တော်ဆိုင်ကယ်စီးနင်းရာမှာ မီးပွိုင့်မှ အချက်ပြမီးနီများပြထားစဉ် ဖြတ်သန်းမောင်းနှင်ခြင်း၊ မော်တော်ဆိုင်ကယ်တစ်စီးမှာ သုံးယောက်ထက်မက စီးနင်းခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲမောင်းနှင်ခြင်း၊ မှတ်ပုံတင်နံပါတ်ပြားများမပါရှိခြင်း၊ နောက်မီးရောင်ပြန်များမပါရှိခြင်းနှင့် မီးများမကောင်းခြင်း စသည့်တို့နှင့်ပတ်သက်ပြီးတော့ လိုက်နာရမယ့်စည်းကမ်းများကိုလည်း ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေ ၂၆ (က)၊ ၂၆ (ဒ)၊ ၁၇၃ (ခ)နှင့် ၁၇၃ (င)တို့မှာလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ စည်ပင်သာယာရေးကော်မတီရဲ့ အမိန့်ကြော်ငြာစာ(၇၁/၂၀၁၁)ဖြင့်လည်း မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ လမ်းအသုံးပြုသူများ လိုက်နာရန်စည်းကမ်းများကိုလည်း ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားတဲ့စည်းကမ်းတစ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်တယ်ဆိုရင် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ၃ လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၆ မှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ မော်တော်ယာဉ်စီးနင်းသူများအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်အတွင်းနဲ့ ဆက်စပ်ကျေးရွာများမှာ နေထိုင်ကြသောပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများကို အရေးယူခံရမည်ဖြစ်၍ လိုက်နာရသည်ဆိုသည့်အသိထက် ဥပဒေစည်းကမ်းလိုက်နာခြင်းဖြင့် ဘဝလုံခြုံမှုရရှိမည်ဆိုတဲ့အသိကိုသိရှိစေရန် အသိပညာပေးဆောင်ရွက်ရာတွင် ထည့်သွင်းဟောပြောဆောင်ရွက်

လျက်ရှိပါတယ်။ မြို့နယ်အလိုက် ယာဉ်ထိန်းရဲတပ်ဖွဲ့စု ယာဉ်စစ်ဆေးရေးအဖွဲ့များက နေ့စဉ် နံနက် ၆ နာရီမှ ည ၇ နာရီအချိန်အထိ စည်းကမ်းပျက်ယာဉ်များကို စစ်ဆေးအရေးယူ၍ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော် (၈)မြို့နယ်မှာရှိတဲ့ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရဲ့ စီစဉ်မှုနဲ့ ညပိုင်း ၆ နာရီခွဲအချိန်မှ ည ၈ နာရီအချိန်အထိ ပူးပေါင်းအဖွဲ့များဖြင့်လည်း ယာဉ်စစ်ဆေးမှု၊ အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ လှည့်ကင်းယာဉ်တစ်စီးဖြင့်လည်း နေပြည်တော် (၈)မြို့နယ်အတွင်းမှာ လှည့်လည်ပြီးတော့ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မြို့တွင်းအဓိကကျတဲ့ အဝိုင်း၊ မီးပွိုင့်တာဝန်ကျ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကလည်း စည်းကမ်းပျက်ယာဉ်များကို Hand Speaker ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတိပေးပြောကြားခြင်း၊ ခရာမှုတ်သတိပေးခြင်း၊ တင်းကြပ်စွာလိုက်လံဖမ်းဆီးပါက မတော်တဆမှုအန္တရာယ်ဖြစ်ပေါ်နိုင်တဲ့အတွက် ယာဉ်စစ်ဆေးရေးအဖွဲ့များထံ ဆက်သွယ်ရေးစက်ဖြင့် အကြောင်းကြားဖမ်းဆီးအရေးယူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ကျေးရွာများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြို့တွင်းအချက်အချာကျသည့်နေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကြော်ငြာဆိုင်းဘုတ်များစိုက်ထူခြင်း၊ ယာဉ်ထိန်းနားနေဆောင်များရှိ LED မီးဆိုင်းဘုတ်များမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ပုဒ်များ၊ စည်းကမ်းများထည့်သွင်းဖော်ပြ၍ အသိပညာပေးဆောင်ရွက်ခြင်း၊ သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စည်းကမ်းပျက်မော်တော်ယာဉ်များ လျော့နည်းရေးအတွက်ကို နေပြည်တော်ကောင်စီ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရဲ့ဦးဆောင်မှုနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းပြီးတော့ အရှိန်အဟုန်မြှင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိတဲ့အပြင် နေပြည်တော်ကောင်စီနယ်မြေဟာ နိုင်ငံ့ဝန်ထမ်းအများစု နေထိုင်တဲ့နယ်မြေဖြစ်တဲ့အတွက် ယာဉ်စည်းကမ်းအသိပညာပေးမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို တိုးတက်ဖွံ့ဖြိုးလာတဲ့ခေတ်ကာလနှင့်အညီ ပိုမိုပြည့်စုံတဲ့ဥပဒေတစ်ရပ်ဖြစ်ဖို့အတွက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အသစ်ရေးဆွဲခဲ့သော မော်တော်ယာဉ်ဥပဒေကြမ်းအား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှာလည်း နိုင်ငံပိုင်သတင်းစာများမှာ အများပြည်သူသိရှိရန်၊ လေ့လာ

အကြံပြုနိုင်ရန်လည်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုပြီးပါက ပြဋ္ဌာန်းချက်ပါ အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ချမှတ်ထားသောရည်မှန်းချက်တာဝန်များနှင့်အညီ ပြည်သူတို့ရဲ့အသက်အန္တရာယ် ကင်းရှင်းရေးအတွက်ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ မော်တော်ဆိုင်ကယ်စီးနင်းသူများ၊ ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများကိုလည်း စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်မည့် တပ်မတော်သားများ၏ရာထူးကို လက်ရှိဗိုလ်မှူးအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိ တိုးမြှင့်ခန့်ထားပေးရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အမြဲတမ်းကော်မတီဝင်အဖြစ် ခန့်အပ်မည့်တပ်မတော်သားများ၏ ရာထူးကို လက်ရှိဒုတိယဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်ထိ တိုးမြှင့်ခန့်ထားပေးနိုင်မည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နီနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခန့်အပ်ထားသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ရာထူးခန့်ထားခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀-၈-၂၀၁၅ ရက်နေ့တွင် တိုင်းနှင့် ပြည်နယ်အချို့မှာ တာဝန်ထမ်းဆောင်တဲ့ ရဲမှူးကြီးများအား ရဲမှူးချုပ်အဖြစ် တိုးမြှင့်ခန့်ထားခြင်းကို ကြိုဆိုပါကြောင်း ပဏာမပြောလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်တော်သည့်တပ်မတော်သားများ၏ အမည်စာရင်းများကို

တောင်းခံရမည်ဟု ဖော်ပြထားပါတယ်။ ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီး များသည် ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် အဆင့်ညီမျှသည့်ရာထူး၌ ခန့်ထားခြင်းခံရသူများပင် ဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ရန် တပ်မတော်သားကိုယ်စားလှယ်များကို အဆင့်မြှင့်တင်ပေးခြင်းအားဖြင့် ဝန်ကြီးဌာန၏ တာဝန်ဝတ္တရာများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်မည့်အပြင် နယ်မြေလုံခြုံရေးကိစ္စရပ်များကို လည်း ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်မည့်တပ်မတော်သားများ၏ ရာထူးအဆင့်အတန်းကို လက်ရှိ ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်အထိ တိုးမြှင့်ရွေးချယ်ခန့်ထားနိုင်မည့်အစီအစဉ်ရှိ/မရှိ၊ (၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်အတွင်းရှိ အမြဲတမ်း ကော်မတီဝင်အဖြစ် ခန့်အပ်ပေးမည့် တပ်မတော်သားများ၏ ရာထူးအဆင့်အတန်းကို လက်ရှိဒုတိယ ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်အထိ တိုးမြှင့်ရွေးချယ်ခန့်ထားနိုင်မည့်အစီအစဉ်ကို သိလိုပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ရှမ်းပြည်နယ်၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာတာဝန်ပေးအပ်နိုင်ရန် သင့်လျော်သည့် တပ်မတော်သားအမည် စာရင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ညှိနှိုင်းစိစစ်ရွေးချယ်ပေးရပါတယ်။ ထိုသို့ ဆောင်ရွက် ရာတွင် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတွင်ရှိသော တပ်ဖွဲ့များ၏ ဖွဲ့စည်းပုံအရာရှိများ အင်အား

အခြေအနေပေါ်မူတည်၍ အတွေ့အကြုံရင့်ကျက်သောအရာရှိကြီးများကို နယ်မြေဒေသအခြေအနေ အပေါ်မူတည်၍ သင့်လျော်သည့်တပ်မတော်သားများ၏ အမည်စာရင်းကို စိစစ်ရွေးချယ်တာဝန်ပေး အပ်ခြင်းဖြစ်ပါကြောင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများရှိ သက်ဆိုင်ရာဒေသများတွင်ရှိသော တပ်ရင်းတပ်ဖွဲ့များတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေသည့် အရာရှိများထဲမှ အတွေ့အကြုံရင့်ကျက် သောအရာရှိများ၊ နယ်မြေဒေသနှင့် ရင်းနှီးကျွမ်းဝင်သူအရာရှိကြီးများအား စိစစ် ရွေးချယ်တာဝန် ပေးအပ်ခြင်းဖြစ်ပါကြောင်း ပြောကြားရင်း ကျွန်တော်၏ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ထားဝယ်မြို့နယ်ရှိ (၂၄)နာရီမဂ္ဂါဝပ်ထွက်ရှိမည့် အညာဖျားရေအားလျှပ်စစ်စီမံကိန်းအား အဘယ် ကြောင့် ရပ်တန့်နေရပါသနည်းနှင့် ဆက်လက်လုပ်ကိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါရစေခင်ဗျား။ ကျွန်တော်ကတော့ လောင်းလုံး မဲဆန္ဒနယ်မှ ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထားဝယ်မြို့နယ်မှာရှိတဲ့ ၂၄ မဂ္ဂါဝပ် ထွက်ရှိမယ့် အညာဖျားရေအားလျှပ်စစ်စီမံကိန်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းရဲ့ အဓိကလိုအပ် ချက်ကတော့ လျှပ်စစ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့အစိုးရသက်တမ်းတစ်လျှောက်မှာ ဒီဇယ်အင်ဂျင်များနှင့် ပေးတဲ့ လျှပ်စစ်ကို တစ်ယူနစ် ၅၀၀ ကျပ်ဝန်းကျင်နှင့် သုံးစွဲခဲ့ရပြီး ယခုအချိန်မှာတော့ ကော့သောင်း ခရိုင်နဲ့ မြိတ်ခရိုင်တွေမှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတွေ စတင်တည်ဆောက်နေသလို ထားဝယ်ခရိုင်မှာတော့ သဘာဝဓာတ်ငွေ့မှရရှိတဲ့လျှပ်စစ်ကို တစ်ယူနစ်ကို ၃၀၀ ကျပ်နှင့် သုံးစွဲနေရပြီ ဖြစ်ပါတယ်။ သို့သော်လည်းပဲ လျှပ်စစ်ကို ချိုသာတဲ့ဈေးနှုန်းနဲ့ ပြည်မမှနည်းတူ သုံးစွဲခွင့်ရရှိဖို့ဆိုရင် ဒေသထွက်ရေအားလျှပ်စစ်မှသော်လည်းကောင်း၊ မဟာဓာတ်အားလိုင်းမှသော်လည်းကောင်း ရရှိမှ ဖြစ်မှာဖြစ်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထားဝယ်မြို့ရဲ့ အရှေ့ဘက် ၁၀ မိုင်ခန့်မှာရှိ တဲ့ ပကာရီကျေးရွာအုပ်စု အညာဖျားကျေးရွာမှာရှိတဲ့ ပေါက်တိုင်းချောင်းကို တာပိတ်ပြီးတော့ ရေအား လျှပ်စစ်ထုတ်ယူပါက ကျွန်တော်တို့ ထားဝယ်ဒေသဖြစ်တဲ့ ထားဝယ်၊ သည်ချောင်း၊ လောင်းလုံး၊ ရေဖြူ

လေးမြို့နယ် သုံးစွဲနိုင်မယ့် လျှပ်စစ်ဓာတ်အားရရှိမယ်လို့ ယခင် မဆလအစိုးရ လက်ထက်ကတည်းက စီမံကိန်းချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ပြီးမြောက် အောင်မြင်ခြင်းမရှိခဲ့ပါဘူး။ ယနေ့ အစိုးရလက်ထက်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးမှ ၎င်းစီမံကိန်းကို ၂၀၁၀ ခုနှစ်မှာ လုပ်ကိုင်ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ ၂၄ မဂ္ဂါဝပ်ထွက်ရှိမယ်လို့လည်း သိရပါတယ်။ သို့သော်လည်းပဲ လုပ်ငန်းများ ထက်ဝက်ကျော်ပြီးစီးပြီးတဲ့အချိန်မှာ ရပ်ဆိုင်းလျက်ရှိသည်မှာ ယခုဆိုရင် လေးနှစ်ခန့်ရှိပြီ ဖြစ်ပါတယ်။ ဒါကြောင့် နံပါတ်(၁) အညာဖျားရေအား လျှပ်စစ်စီမံကိန်းကို ဘာကြောင့် ရပ်ဆိုင်းနေရပါသလဲ။ နံပါတ်(၂) ၎င်းစီမံကိန်းအား ပုဂ္ဂလိကလုပ်ငန်းရှင်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်သော်လည်းကောင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ထားဝယ်မြို့အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ အညာဖျားချောင်းပေါ်မှာ အညာဖျားရေအားလျှပ်စစ်စီမံကိန်းအား ပြည်တွင်း DELCO Co.,Ltdမှ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုပါရန် တင်ပြလာခဲ့မှုအပေါ် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ဝန်ကြီးဌာနနဲ့ MOU ရေးထိုးခဲ့ပါတယ်။ ထို့နောက် ကုမ္ပဏီ၏တင်ပြချက်အရ သူ့ကုမ္ပဏီကို အမည်ပြောင်းလိုတဲ့အတွက်ကြောင့်မို့လို့ သဘာဝစွမ်းအင်လှိုင်းအမည်နဲ့ ကုမ္ပဏီအသစ်ကို ၂၇-၁-၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ပြောင်းလဲပြီးတဲ့နောက်မှာ ပဋိညာဉ်စာချုပ်ကိုပါတစ်ပါတည်း လက်မှတ်ရေးထိုးပေးခဲ့ပါတယ်။ ထို့နောက် စီမံကိန်းဆိုင်ရာ ပြည်ပအတိုင်ပင်ခံ

ငှားရမ်းခြင်းနှင့် တမံအမျိုးအစားရွေးချယ်ခြင်းအပါအဝင် အင်ဂျင်နီယာလုပ်ငန်းများအားလုံးရဲ့ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကိုလည်း ကုမ္ပဏီက တင်ပြခဲ့ပြီးဖြစ်ပါတယ်။

သို့ရာတွင် ဓာတ်အားပေးစက်ရုံများနှင့် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်အတွင်းမှာတည်ရှိတဲ့ လုပ်ငန်းပမာဏဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက် သွားနိုင်ပါရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်တဲ့ကုမ္ပဏီက ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ကနေစပြီးတော့ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်းပဲ စီမံကိန်းအကောင်အထည်ဖော်ရာဒေသ ကျေးရွာအချို့ ပြောင်းရွှေ့ရမည်ဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ခြင်း၊ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသခံတောင်သူများ၏ ဥယျာဉ်ခြံမြေများ ရေနစ်မြုပ်မည်ဖြစ်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ ဘေးဒုက္ခမှလွတ်မြောက်၍ သောကကင်းဝေးစွာ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကာကွယ်ပေးရန်ဟုဆိုကာ ကိန်းဂဏန်းအချက်အလက်များဖြင့် ဦးစောကျော်အောင်နှင့် ဒေသခံပြည်သူ ၁၃၉၈ ဦးမှ လက်မှတ်ရေးထိုး၍ နိုင်ငံတော်သမ္မတထံ အသနားခံတင်ပြလာခဲ့ပါတယ်။ အဆိုပါကိစ္စအပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဖွဲ့ဖွဲ့ပြီးတော့ စိစစ်ခဲ့ပြီး ဒေသခံကျေးရွာပြည်သူများနှင့် လုပ်ငန်းဆောင်ရွက်မယ့်ကုမ္ပဏီတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်နှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာမှာ ယနေ့အထိ ပြေလည်မှုမရရှိသေးဘူးလို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများနှင့် ကုမ္ပဏီတို့ ကျေနပ်လက်ခံနိုင်တဲ့အပေါ်မှာ မူတည်ပြီးတော့သာလျှင် စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)ရက်မြောက်နေ့ဖြစ်သေ (၂၀-၈-၂၀၁၅)ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၈-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ အထိပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါကြောင့် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်

သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး(၈၄)ရက်မြောက်နေ့ဖြစ်သော ၂၀-၈-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၁-၈-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးရန် တောင်းခံ ခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ အထိပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါကြောင့် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမြန် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော သွေးနှင့်သွေးပစ္စည်းများ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော သွေးနှင့်သွေးပစ္စည်း များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို (၁၉-၈-၂၀၁၅)ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာအားဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၂-၇-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၁၉-၈-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို

(က) ခေတ်နှင့်လိုက်လျောညီထွေမှုဖြစ်စေရန်၊

(ခ) ဒီဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အများပြည်သူများ ပိုမိုရှင်းလင်းစွာ သိရှိနိုင်စေရန်၊

(ဂ) သွေးသွင်းကုသခြင်းလုပ်ငန်းသည် စနစ်တကျဆောင်ရွက်ခြင်းမရှိပါက အန္တရာယ်အလွန်များသောလုပ်ငန်းဖြစ်၍ သေချာစွာ ထိန်းသိမ်းကွပ်ကဲနိုင်ရန်နှင့် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၈-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ

အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာ စိစစ်ခဲ့ရာ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သွေးဘဏ်ငယ်သာမက သွေးဘဏ်ကိုပါ ပုဂ္ဂလိကမှ စနစ်တကျဆောင်ရွက်နိုင်စေရန် ပြင်ဆင်ခြင်း၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုင်စင်လျှောက်ထားရန်မလိုဘဲ လုပ်ငန်း လိုင်စင်လုပ်ကိုင်ခွင့်ရရှိစေရန် ပြင်ဆင်ခြင်း၊

(ဂ) နေပြည်တော်ကောင်စီနယ်မြေအတွက် ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန် သတ်မှတ်နိုင်ရန် ပြင်ဆင်ခြင်း၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့ကိုသာ ခွင့်ပြုချက်ဖြင့် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ်ခွင့် ပြုလိုခြင်း။

အထက်ဖော်ပြပါအချက်များကိုအခြေခံ၍ ပြင်ဆင်ခဲ့သည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိ သဘောတူပါသည်။

၄။ သို့ဖြစ်ပါ၍ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော သွေးနှင့် သွေးပစ္စည်း များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူ များသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍

၂၅-၈-၂၀၁၅ (အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်ဆွေးနွေးပြီးပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့လာသော ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းကို ၁၉-၈-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်း ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာ တွေ့ရှိချက်အစီရင်ခံစာ -

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်း ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၄-၇-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၁၉-၈-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု ပြီးနောက် ပြည်သူ့လွှတ်တော်တွင် ပေးပို့လာပါသည်။

၂။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ခေတ်နှင့်လိုက်လျောညီထွေမဖြစ်သည့်အတွက် ခေတ်နှင့်အညီဖြစ်စေရန်၊

(ခ) ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အများပြည်သူများ ပိုမိုရှင်းလင်းစွာ နားလည်ပြီး သိရှိလိုက်နာနိုင်စေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသခြင်းကို ဥပဒေနှင့်အညီ စနစ်တကျပိုမို ကျယ်ပြန့်စွာ ပြုလုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၈-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း ၉ ခန်းနှင့် အပိုဒ် ၃၃ ပိုဒ်ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်းဖြစ်သောကြောင့် အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ချက်မရှိ သဘောတူပါသည်။

၄။ သို့ဖြစ်ပါ၍ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၅-၈-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၈၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၇)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး(၈၆)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၇)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]